မွတ်စ်လင်မ်တစ်ဦးအား ဆဲရေး တိုင်းထွာခြင်းသည်

အမိန့်ဖီဆန်ခြင်း ဖြစ်ပြီး၊ ၎င်းအား

တိုက်ခိုက်သတ်ဖြတ်ခြင်းသည် ကုဖ်ရ်

သွေဖည်ခြင်းဖြစ်သည်။

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ မွတ်စ်လင်မ်တစ်ဦးအား ဆဲရေး တိုင်းထွာခြင်းသည်
အမိန့်ဖီဆန်ခြင်း ဖြစ်ပြီး၊ ၎င်းအား တိုက်ခိုက်သတ်ဖြတ်ခြင်းသည် ကုဖ်ရ်သွေဖည်ခြင်းဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မွတ်စ်လင်မ်တစ်ဦးကမိမိ၏ညီနောင်မွတ်စ်လင်မ်တစ်ဦးအား ကဲ့ရဲ့ရှုတ်ချခြင်းနှင့် ဆဲရေးတိုင်းထွာခြင်းမှတားမြစ်တော်မူခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် ဖစ်စ်က် (အပြစ်ဒုစရိုက်) ဖြစ်ပြီးအလ္လာဟ်အရှင်မြတ်နှင့် ၎င်း၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏အမိန့်နာခံမှုမှ ထွက်ခွာခြင်းဖြစ်သည်။ ထို့ပြင် မွတ်စ်လင်မ်တစ်ဦးသည်မိမိ၏ညီ‌နောင်မွတ်စ်လင်မ်အား တိုက်ခိုက်သတ်ဖြတ်ခြင်းသည် ကုဖ်ရ်ထိုက်သည့်အပြစ်များထဲမှတစ်ခုဖြစ်သည်။သို့သော်၎င်းသည်ကုဖ်ရ်အသေးစားဖြစ်သည်။

https://sunnah.global/hadeeth/my/show/5333